**COVID-19 ကပ်ဘေးကာလအတွင်း မြန်မာနိုင်ငံအစိုးရ အပါအဝင် သက်ဆိုင်သူများအားလုံးက အရေးပေါ် အလျင်အမြန် အလေးထား ဆောင်ရွက်ပေးရန်အတွက် အရပ်ဘက်အဖွဲ့အစည်းများ/ ကွန်ရက်များ၏ တိုက်တွန်းနှိုးဆော်ချက်**

**၂၈ - ၅ - ၂၀၂၀**

ကမ္ဘာနှင့်အဝှမ်း လက်ရှိ ဖြစ်ပေါ်နေသော COVID-19 ကပ်ဘေးကာလတွင် မြန်မာနိုင်ငံသည်လည်း ကျန်းမာရေး၊ နိုင်ငံရေးနှင့် လူမှုစီးပွားရေး အဘက်ဘက်မှ ထိခိုက်ခံစားနေရပါသည်။ COVID-19 ကပ်ဘေး ထိခိုက် ခံစားနေရမှုသည် ရေရှည်ဆက်သွားမည့် အခြေအနေဖြစ်ကြောင်း တွေ့မြင်သိရှိနေရပါသည်။ ယင်းအခြေအနေတွင် မြန်မာ့ အရပ်ဘက် အဖွဲ့အစည်းများနှင့် ကွန်ရက်များ အချို့တို့သည် ၂၉ - ၄ -၂၀၂၀ ရက်နေ့နှင့် ၁၉ - ၅ -၂၀၂၀ ရက်နေ့တို့တွင် online ဖြင့် တွေ့ဆုံကာ COVID-19 ကပ်ဘေးနှင့် ပတ်သက်၍ မဟာဗျူဟာကျစွာ ချိတ်ဆက် တုံ့ပြန် ဆောင်ရွက်သွားနိုင်ရေး ဆွေးနွေး ညှိနှိုင်းခဲ့ကြပါသည်။ ယင်းတွေ့ဆုံ ဆွေးနွေးမှုများမှနေ၍ COVID-19 ကပ်ဘေးကာလတစ်လျှောက်လုံးအတွက် အရပ်ဘက်အဖွဲ့အစည်းများ၏ မဟာဗျူဟာကျစွာ ချိတ်ဆက်တုံ့ပြန် ဆောင်ရွက်သွား မည့် ရပ်တည်ချက် (manifesto) ထုတ်ပြန်သွားရန် ရှိပါသည်။ ထိုရပ်တည်ချက်အား ထုတ်ပြန်ရန် အချိန်အတိုင်းအတာ တစ်ခုထိ ယူကာ ပြင်ဆင်နေစဉ် ဖြစ်သော်လည်း အချို့သော ကိစ္စရပ်များသည် ချက်ချင်း အရေးပေါ် တုံ့ပြန်ဆောင်ရွက်ရန် လိုနေသောကိစ္စရပ်များ ဖြစ်နေသည်ကို တွေ့ရပါသည်။

သို့ဖြစ်ပါ၍ အောက်ဖော်ပြပါ ပါဝင်လက်မှတ်ရေးထိုး ထောက်ခံမှုပြုသော အရပ်ဘက် အဖွဲ့အစည်း/ ကွန်ရက်များအနေဖြင့် အောက်ပါ အရေးပေါ် ဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ချက်များ ကို မြန်မာနိုင်ငံအစိုးရအပါအဝင် သက်ဆိုင်သူများအားလုံးက အလျင်အမြန် အလေးထား တုံ့ပြန် ဆောင်ရွက်ပေးရန် တိုက်တွန်း တောင်းဆိုပါသည်။

## အရေးပေါ်ဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ချက်များ

၁။ တိုက်ပွဲများကို မြန်မာနိုင်ငံ၏ နေရာအားလုံးတွင် ခြွင်းချက်မရှိ ရပ်တန့်ရန်။

၂။ စစ်ဘေးသင့်ပြည်သူလူထုနှင့် စစ်ဘေးရှောင်ပြည်သူများ၊ အထူးသဖြင့် ရခိုင်ပြည်နယ် မြောက်ပိုင်းနှင့် ချင်းပြည်နယ် တောင်ပိုင်းဒေသများတွင် လူသားချင်း စာနာထောက်ထားမှု အကူအညီပေးရေး လုပ်ငန်းနှင့် COVID-19 နှင့်ပတ်သက် ဆက်နွှယ်သော တုံ့ပြန် ဆောင်ရွက်ရေး လုပ်ငန်းများကို အစိုးရအနေဖြင့် အမြန်ဆုံး အရေးပေါ် ကူညီထောက်ပံ့ပေးရန်။ အရေးပေါ် အကူအညီထောက်ပံ့ရေး လုပ်ငန်းများကို လက်တွေ့ ဆောင်ရွက်လျက်ရှိသော အရပ်ဘက် အဖွဲ့အစည်းများ သွားရောက် ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် ပိတ်ပင်ထားရှိမှုများကို ခြွင်းချက်မရှိ ဖယ်ရှားပေးရန်။

၃။ စစ်ရေးပဋိပက္ခဖြစ်ပွားရာ ဒေသများရှိ အရပ်သားများ အကာအကွယ်ပေးရေးနှင့် နိုင်ငံတကာလူသားချင်း စာနာထောက်ထားမှု ဥပဒေနှင့် နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေများကို မြန်မာနိုင်ငံ အစိုးရ၊ မြန်မာ့တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များက လေးစားလိုက်နာရန်။

၄။ တောင်သူလယ်သမားများ စိုက်ပျိုးထုတ်လုပ်ထားသော အထားမခံသည့် ထုတ်ကုန်များအား နိုင်ငံတော်မှ ဝယ်ယူပြီး လိုအပ်သည့် ပြည်သူများဆီသို့ အမြန်ဆုံးဖြန့်ချိပေးရန်။

၅။ စစ်ဘေး စစ်ဒဏ်ခံနေရသော ဒေသများရှိ တောင်သူများ၏ နိုင်ငံတော်ထံမှ ရယူထားသော စိုက်စရိတ်ချေးငွေများကို ခြွင်းချက်မရှိ လျှော်ပေးရန်။ အခြားဒေသများရှိ တောင်သူများမှ ပြန်လည် ပေးဆပ်ရန် ကျန်ရှိနေသော စိုက်စရိတ်ချေးငွေများကို ဆိုင်းငံ့ပေးရန်။

၆။ ကိုဗစ်ကာလအတွင်း ပြည်သူလူထု၏ စုဝေးတိုင်ပင်ခွင့်ကို တားဆီး ပိတ်ပင်ထားသည့် အခြေအနေတွင် မြေလွတ် မြေလပ် မြေရိုင်းဥပဒေအရ မြေယာမှတ်ပုံတင်ခြင်း မြေသိမ်းခြင်းအပါအဝင် မြန်မာနိုင်ငံ၏ ရေမြေ နှင့် ဂေဟစနစ်တစ်မျိုးမျိုးကိုအသုံးချ၍ စီးပွားရေးရင်းနှီးမြှုပ်နှံမှုပြုရန်အတွက် အကောင်အထည်ဖော် ဆောင်ရွက်ရန် ပြင်ဆင်နေသည်များ/ မလိုအပ်သေးသော လုပ်ငန်းများ လုပ်ကိုင်ရန် ပြင်ဆင်နေသည်များ နှင့် ဆောင်ရွက်ဆဲကိစ္စရပ်များ ဆက်လက် လုပ်ဆောင်နေခြင်းများ အားလုံးကို ခြွင်းချက်မရှိ ရပ်တန့်ထားရန်။

၇။ ကိုဗစ်ကာလအတွင်း ပြည်သူလူထုမှ စုဝေးတိုင်ပင် တုံ့ပြန်နိုင်မည့် အခြေအနေမရှိသည့်အတွက် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများနှင့် ဒေသခံပြည်သူများကို ထိခိုက်နစ်နာစေသော သတ္တုတူးဖော်မှုများ၊ တူးဖော်ရန်

ခွင့်ပြုချထားပေးမှုများ၊ စမ်းသပ် တူးဖော်ခြင်းများ၊ ရေကာတာ တည်ဆောက်မည့် စီမံကိန်းများ၊ ရေအား လျှပ်စစ်ထုတ်ယူမည့် စီမံကိန်းများ၊ စွမ်းအင်ဆိုင်ရာ စီမံကိန်းများအားလုံးကို ခေတ္တရပ်ဆိုင်းထားရန်။

၈။ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်း တိုက်ပွဲများနှင့် လုံခြုံရေးအကြောင်းပြကာ ပြည်သူများ၏ လွတ်လပ်စွာ သတင်းရယူခွင့်များကို အဟန့်အတားဖြစ်စေသော အင်တာနက်လိုင်းများ ဖြတ်တောက်ခြင်း၊ တိုင်းရင်းသား သတင်းဝက်ဆိုက်ဒ်များ ပိတ်ပင်ထားခြင်းများကို အမြန်ဆုံး ပြန်လည် ဖွင့်လှစ်ပေးရန်နှင့် သတင်းမီဒီယာများအား လွတ်လပ်စွာ သတင်းရယူခွင့်ကို အမြန်ဆုံး ပြန်လည် စီမံပေးရန်။ သတင်းသမားများအား ရာဇဝတ်မှု ဥပဒေများ အပါအဝင် မတရားသော ဥပဒေများဖြင့် အရေးယူခြင်းများ လုံးဝ မပြုလုပ်ရန်။

၉။ အမှန်တကယ် ဆင်းရဲနွမ်းပါးပြီး အကူအညီ မဖြစ်မနေ လိုအပ်သော ပြည်သူများအား ခြွင်းချက်မဲ့ အစားအစာနှင့် ငွေကြေးထောက်ပံ့မှု၊ မရှိမဖြစ် လိုအပ်သော အသုံးအဆောင် ပစ္စည်းများ ထောက်ပံ့မှုကို တစ်လ အတွင်း ထပ်မံ ထောက်ပံ့ပေးရန်။ အဆိုပါ ထောက်ပံ့မှုများ ပြုလုပ်နိုင်ရန်အတွက် လိုအပ်ချက် ဆန်းစစ် လေ့လာမှု (Rapid Need Assessment) ကို အမြန်ဆုံး ပြုလုပ်ရန်။ ထိုဆန်းစစ်လေ့လာမှု ပြုလုပ်ရန်အတွက် အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် အစိုးရဌာနများမှ ပူးပေါင်းဆောင်ရွက်ရန်။

၁၀။ အခြေခံ ပညာကျောင်းများ ဇူလိုင်လတွင် ပြန်လည် ဖွင့်လှစ်မည့် အစီအစဉ်ကိုလည်း ကိုဗစ်ရောဂါ အန္တရာယ်ကာကွယ် တားဆီးနိုင်မှု အခြေအနေနှင့် ချိန်ဆကာ ကျောင်းသား၊ ဆရာ၊ မိဘ ပြည်သူများ၏ သဘောထားများကို အခြေခံ၍ ဆုံးဖြတ် ဆောင်ရွက်ရန်။

၁၁။ ပြန်လာသော ရွှေ့ပြောင်းအလုပ်သမားများ၊ အလုပ်လက်မဲ့ဖြစ်သွားသော အလုပ်သမားများ၏ စာရင်းဇယားများကို ကောက်ယူရန်နှင့် လိုအပ်သော ထောက်ပံ့မှုများကို ပေးအပ်သွားရန်။

၁၂။ ကျန်းမာရေး ဝန်ထမ်းများအတွက် လိုအပ်သော ရောဂါကာကွယ်မှု ဆိုင်ရာ ပစ္စည်းများ အချိန်မီ ပံ့ပိုးပေးခြင်းနှင့် အလုပ်ဒဏ်ပိနေခြင်းမှ လျော့ပါးသက်သာရန် စီစဉ်ပေးခြင်းတို့ကို အမြန်ဆုံး လုပ်ဆောင်ပေး ရန်။

၁၃။ ကိုဗစ်ဆိုင်ရာ တုံ့ပြန်ဆောင်ရွက်မှုမူဝါဒနှင့် အစီအစဉ်များ ချမှတ်ရေး လုပ်ငန်းစဉ်တွင် လူ့အခွင့်အရေး ဒီမိုကရေစီအရေး လူမှုတရားမျှတမှုတို့ကို အခြေခံ၍ ချမှတ် လုပ်ဆောင်ရန်။ အဆိုပါ အစီအစဉ်များနှင့်

မူဝါဒများချမှတ်ရာတွင် မသန်စွမ်းနှင့် အမျိုးသမီးများအတွက် ထည့်သွင်းဆောင်ရွက်ကာ ယင်းတို့ကိုယ်တိုင် ပါဝင်စေရန်။

**ဆက်သွယ်ရန်**

**၁။** မေစံပယ်ဖြူ ၀၉၇၇၈၈၇၅၈၅၉

၂။ ရဲလင်းမြင့် ၀၉၇၉၁၆၈၅၀၅၆

၃။ စောမင်းနိုင် ၀၉၅၁၉၈၈၂

-

**လက်မှတ်ရေးထိုးထောက်ခံပါဝင်သည့် အရပ်ဘက်အဖွဲ့အစည်းများ/ကွန်ရက်များ**

1. AGIPP (Alliance for Gender Inclusion in the Peace Process)
2. AhLin Thitsa Development Committee
3. Ahnaga Alinn Development Committee
4. Alinsaetamarn Library & Resource Center
5. All Kachin Youth Union (AKYU)
6. Arakan Humanitarian Coordination Team (AHCT) ရခိုင်လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့
7. Athan - Freedom of Expression Activist Organization
8. Ayeyarwaddy Transparency and Accountability Association (ATAA)
9. Basic Law Network
10. BBDN (Beautiful Beach Development Network)
11. Candle Light Youth Group
12. Chin Youth Organization (Hakha)
13. Chinland Natural Resources Watch Group
14. Citizens Action for Transparency
15. Civil call - လူထုခေါ်သံ
16. CLAY
17. Community Empowerment and Resilience Association (CERA)

18. Community Peace Support Team (Northern Shan State)
19. Community Response Group (ComReG)
20. CSFoP (Civil Society Forum for Peace)
21. Dai Fin Social Service
22. Dawei Development Association
23. Dawei Watch Foundation
24. Dawn Peace
25. Dood Hope Foundation
26. Edu wave
27. Enlightened Myanmar Research Foundation (Emref)
28. Ever Green
29. Farmer and Labour Union- Myeik
30. FOM - Farmer organization Monyein
31. FUA (Forest User Association)
32. Further Young Pioneer Organization (FYPO)
33. Gender Equality Network (GEN)
34. Generation Wave
35. Green Network Mergui Archipelago
36. Green Peasant Institute – GPI
37. Green Right Organization
38. Grip Hands
39. Htoi Gin Tawng
40. Htoi San LDO
41. Hu Pho Kaphaw
42. Integrated Development Executive Association(IDEA)
43. Kachin Development Networking Group (KDNG)
44. Karenni Human Right Group

45. Karenni Women Organization
46. Kayah Baptist Association-CSSDD
47. KCWG အစိမ်းရောင်အလင်းတန်းများအသင်း
48. KDN (Karen Development Network)
49. KEAN (Kayah Earthrights Action Network)
50. KESAN (Karen Environmental and Social Action Network)
51. Khine Mye Thitsar committee
52. KNGY (Kayah New Generation Youth)
53. KSFU (Karenni State Farmer Union)
54. KSSU (Kayah State Student Union)
55. KSWN
56. KWU -Kachin Women Union
57. KYO (Karen Youth Organization)
58. LAIN Technical Support Group
59. Land Core Group
60. Lighthouse Social Development Organization Network Ayeyarwady
61. Living Water Organization
62. Local Development Network
63. Local Resource Centre (LRC)
64. MATA
65. MATA Arakan
66. MATA စစ်ကိုင်း
67. MDCN- Monyein District Civil society Network
68. Metta Set Wine Consortium
69. Mobye Farmer Network (MbFN)
70. Mon State CSOs' Network
71. Mon State CSOs' Peace Support Group

72. Mwetaung Area Development Group
73. Myanmar ICT for Development Organization (MIDO)
74. Myanmar SEZs Watch
75. Myeik Lawyer Network
76. Myusha / KSPLC
77. Nam Kyeo Parahita Foundation
78. Nyan Lynn Thit Analytica
79. Organization for building better Society
80. Our Natural Land
81. Oway Education and Youth Institute
82. Peace and Development Initiative-Kintha (PDI-Kintha)
83. Peace and Justice for Myanmar
84. Peace Working Committees ( Arakan)
85. Peasants' Legal Aid Network
86. People for People (PFP)
87. PMA CSSDD (Pathein) Pathein Myaungmya Association Christian Social Service and Development Department
88. Pyin Nya Thagar
89. Rakhine Ethnic Congress (REC)
90. Rakhine Youth New Generation Network (RYNG-N)
91. RDO (Regional Development Organization) (Bogalay)
92. SGYK
93. Shalom Foundation
94. Shan Women Development Network
95. Share Mercy
96. Shingnip Legal Aid Organization
97. SKY-youth, Kyaukphyu

98. Smile Myanmar
99. Southern Youth Development Organization
100. Spectrum – Sustainable Development Knowledge Network
101. Star Way
102. Stoke Association of Myanmar.
103. Sut Awng Farmer Group
104. Tampadipa Institute
105. Tanintharyi MATA
106. TANKS
107. TANKS (Kachin MATA)
108. Tarkapaw Youth Group
109. UKSY (Union of Karenni State Youth)
110. Waimaw Lisu Development Association
111. Wan Lark Development Foundation
112. WCN (Waimaw Civil Society Network)
113. Women League of Burma (WLB)
114. WON (Women’s Organizations Network)
115. Wunpawng Ninghtoi (WPN) လူထုအလင်း
116. Younity
117. ကမ်းလက်မေတ္တာ
118. ကျိုင်းတုံလူငယ်
119. ကရုဏာမစ်ရှင်းလူမှုစည်းလုံးညီညွတ်ရေးအသင်း (Karuna Mission Social Solidarity) KMSS
120. ကလျာဏမိတ္တဖွံ့ဖြိုးရေးဖောင်ဒေးရှင်း(KMF)
121. ခိုင်မြဲသောတွဲလက်များ
122. ခုနှစ်စဉ်ကြယ် ဒေသဖွံ့ဖြိုးရေးအဖွဲ့
123. စံပယ်ကြေးစင် သတ္တုတွင်း စောင့်ကြည့်ရေးအဖွဲ့
124. စနေပရဟိတ

125. စိမ်းလန်းမျိုးဆက်

126. စိမ်းလန်းလွင်ပြင်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့

127. ဆာကပေါ် လူမှုအထောက်အကူပြုအဖွဲ့

128. ဆာမူထော် လူမှုအထောက်အကူပြုအဖွဲ့

129. တအောင်းအမျိုးသမီးအဖွဲ့

130. တို့မျိုးဆက်ကွန်ယက် (We Generation)

131. တို့မြေကွန်ယက်

132. တီကျစ်ဒေသစောင့်ကြည့်ရေးအဖွဲ့

133. တောင်ကုတ် PSC

134. ထောမဲပါ

135. ဓနု လူငယ်အဖွဲ့

136. နမ့်ဆန်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့

137. နမ်ရှနီလူမှုအဖွဲ့အစည်း

138. ပန်းတိုင်ရှင်

139. ပန်းပျိုးလက်လူမှုကူညီရေးအသင်း

140. ပျိုးခင်းသစ်ဖေါင်ဒေးရှင်း

141. ပျိုးလူမှုဖွံ့ဖြိုးရေးအဖွဲ့

142. ပါရမီဖွံ့ဖြိုးရေးကွန်ယက်

143. ပေါက်ခေါင်းလူငယ်ကွန်ယက်

144. ပေါင်းကူး

145. ပေါင်းစည်းအားမာန်ဖွံ့ဖြိုးရေးအဖွဲ့

146. ပေါင်းစုလုပ်အားအကူအညီပေးရေးအဖွဲ့ (NAG)

147. ဖန်တီးရာ

148. ဖြူစင်မေတ္တာလူမှုဖွံ့ဖြိုးတိုးတက်ရေးအသင်း

149. ဘူးသီးတောင် လူငယ် ကွန်ရက်

150. မင်္ဂလာဖောင်ဒေးရှင်း

151. မဒေးကျွန်း လူငယ် ဖွံ့ဖြိုးရေး အသင်း

152. မြစ်မခအလင်း

153. မြန်မာတရုတ်ပိုက်လိုင်းစောင့်ကြည့်ရေးအဖွဲ့

154. မြန်မာလူထုမဟာမိတ် ရှမ်းပြည်

155. မဟောသဓာဉပဒေအထောက်အကူပြုအဖွဲ့

156. မူစဲကမ်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေး အသင်း

157. မေတ္တာစမ်းရေ

158. မေတ္တာဖွံ့ဖြိုးရေးဖောင်ဒေးရှင်း (Metta)

159. မျိုးဆက်သစ် (ရှမ်းပြည်) – NGSS

160. ရက္ခအားမာန် အဖွဲ့

161. ရခိုင် အမျိုးသမီး သမဂ္ဂ

162. ရခိုင်ပြည်နယ် မသန်စွမ်းသူများ အစည်းအရုံး

163. ရခိုင်ပြည်နယ်အရပ်ဘက်အဖွဲ့အစည်းများငြိမ်းချမ်းရေးကော်မီတီ

164. ရခိုင်လူငယ်မျိုးဆက်သစ်

165. ရခိုင်လူမှုကွန်ရက် (မြေပုံ)

166. ရခိုင်အမျိုးသားကွန်ရက် (လေးတောင်)

167. ရမ်းဗြဲမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့

168. ရွှေပန်းပျိုးလက်ပညာဒါန(သန်လျင်)

169. ရွှေပိန်ညှင်း

170. ရွှေမင်းသားဖောင်ဒေးရှင်း

171. ရှမ်းပြည်နယ် ငြိမ်းချမ်းရေး အလုပ်အဖွဲ့

172. ရှေ့ဆောင်လူမှုဘဝမြင့်မားရေး

173. ရိုးမချစ်သူ

174. ရောင်နီဦးလူမှုဖွံ့ဖြိုးတိုးတက်ရေး

175. လက်ပံတန်းလူငယ်ကွန်ယက်

176. လမ်းပြကြယ်စင်

177. လွယ်ယန်ဘွမ်လူထုဖွံ့ဖြိုးရေးဖောင်ဒေးရှင်း Loi Yang Bum Community Development

178. လှိုင်းဘွဲ့လူငယ်ကွန်ရက်

179. လီဆူအရပ်ဘက်လူမှုအဖွဲ့အစည်း (LCSO)
180. လူငယ်ရေးရာတာဝန်ခံ
181. လူငယ်အားမာန်အဖွဲ့
182. လောကပါလတရားမြှင့်တင်ရေးအဖွဲ့(တောင်ဒဂုံ)
183. လောကမြင်ကွင်းစောင့်ကြည့်ကူညီရေးအဖွဲ့
184. သံတွဲ ဖွံ့ဖြိုးတိုးတက်ရေး အသင်း
185. သံလွင်သစ္စာ
186. သံလွင်သားချင်းအဖွဲ့
187. သခင်ကိုယ်တော်မှိုင်းကွန်ရက် ပဲခူး
188. သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ ရှမ်းမြောက်
189. သွီး CSOs
190. သူရိယစန္ဒာ (မင်းကင်း)
191. ဟသ်ာတံခွန်အဖွဲ့
192. အငြိမ်းစားပရဟိတအဖွဲ့
193. အနာဂါတ်အလင်းတန်းဆုံမှတ် (FLC)
194. အမျိုးသမီးစွမ်းဆောင်ရည်မြှင့်တင်ရေးအဖွဲ့
195. အမ်းမြို့နယ် ပိုက်လိုင်းရေးရာ စောင့်ကြည့် လှုပ်ရှားရေး အဖွဲ့
196. အမျိုးသမီးနှင့် ငြိမ်းချမ်းရေးကွန်ရက် (ရှမ်းပြည်)
197. အလင်းတန်း
198. အလင်းဗန်းမော်ဒေသဘက်စုံဖွံ့ဖြိုးရေးအဖွဲ့
199. အလင်းသစ်
200. ပေါင်းစည်းရော
201. ဧရာဝတီလူမှုရေးအဖွဲ့ (Airavati Organization)
202. Bee House
203. ထွယ်နိန်ခေါင် (HNF)
204. တအာင်းကျောင်းသားနှင့် လူငယ်များအဖွဲ့ (TSYU)
205. ရှမ်းလူငယ်များအဖွဲ့ (TYO)

206. NeT organization

207. ရှမ်းပြည်နယ်ကချင်အမျိုးသားလုံးဆိုင်ရာကွန်ယက် (SKNN)

208. Justice Society (JS)

209. ငြိမ်းသံလွင်ဖောင်ဒေးရှင်း

210. Paungsee arr institute(PAI) Kutkai.

211. အားသစ်ရောင်ခြည်

212. ၈၈ /ပွင့်လင်း ရောဝတီ

213. ၈၈၈၈ သွေးသစ်